ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ သောကြာနေ့၊ (2-12-2011) (၆၉၆၁)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအို သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအို ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီး လာမည်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

# ဒီမိုကရေစီရှင်သန်ထွန်းကားစေမည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် ယနေ့ဆောင်ရွက်ချက်များအပေါ် ပြည်တွင်းပြည်ပထောက်ခံမှုများရရှိနေသည့် မိမိတို့အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန် မရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုကို အခြေခံလျက် ဆက်ဆံရေးတိုးမြှင့်သွားနိုင်မည်ဟု အလေးအနက်ယုံကြည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များတွင် မိတ်ဖက်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုလို

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

ကြေးမုံစာတည်းရှုထောင့် ၂-၁၂-၂၀၁၁ [သောကြာနေ့]။

# မြန်မာ-အမေရိကန် ဆက်ဆံရေးခြေလှမ်းသစ်

"ဒီမိုကရေစီရှင်သန်ထွန်းကားရေး ဖော်ဆောင်ရာတွင် ခြေလှမ်းတိုင်းကို သတိထားပြီး ညင်သာစွာ အသွင်ကူးပြောင်းနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီ ရှင်သန်ထွန်းကားစေမည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် ယနေ့ဆောင်ရွက်ချက်များအပေါ် ပြည်တွင်းပြည်ပထောက်ခံမှုများ ရရှိနေပြီဖြစ်သည့် မိမိတို့အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန် မရှိပါကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား ယနေ့မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော ဒီမိုကရေစီလမ်းကြောင်းအမှန်ကို ခိုင်မာပြတ်သားစွာ ပြောကြားလိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်သည် ရှစ်လတာမျှ ကြာမြင့်သေးသည့် သက်တမ်းကာလအတွင်း နိုင်ငံအတွင်းနှင့် နိုင်ငံတကာကပါ လက်ခံနိုင်သည့် ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများကို အပြောမဟုတ် အလုပ်နှင့်သက်သေပြခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း နိုင်ငံနှင့်လူမျိုးအကျိုးရှိမည့် တိုးတက်သည့် ဆောင်ရွက်ချက်များကိုလည်း အထင်အရှားလုပ်ကိုင်လျက်ရှိသည်။

ဒီမိုကရေစီဖော်ဆောင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်း ပြည်ပ နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် ညင်သာစွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ငြိမ်းချမ်းရေးရရှိအောင် ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ များမကြာမီကာလတွင် အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းသို့ ဝင်ရောက်လာမည်ဟု မျှော်လင့်ထားသည်။ လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနှင့်အမေရိကန် ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးတောင့်တင်းခိုင်မာရေး၌ ပြည်သူများ၏ စားရေး၊ ဝတ်ရေး၊ နေရေးသည် မူလကတည်းက စိုးရိမ်ပူပန်စရာ မရှိချေ။ သို့သော် ဆင်းရဲနွမ်းပါးမှုသည် အခြားနိုင်ငံများနည်းတူ ရှိနေသေးသဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက်လည်း စီးပွားရေးဇုန်များ ထူထောင်ဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံ၏မှုခြေကို ထိန်းညှိပေးနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်အလယ်အလတ်တန်းစား များများပေါ်ထွန်းရေးအတွက်လည်း အားပေးမြှင့်တင်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖြစ်ထွန်းလာစေရန်အတွက် အမေရိကန်နိုင်ငံကဲ့သို့ နိုင်ငံကြီးများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများ အထူးလိုအပ်လျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံကြီးများနှင့် အစဉ်အလာမပျက်ဆက်ဆံလျက်ရှိသည့်နည်းတူ အမေရိကန်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့်နိုင်ငံသားများ၏အကျိုးကို ရှေးရှု၍ သမိုင်းတွင်မည့် နှစ်နိုင်ငံဆက်ဆံမှုအဆင့်မှ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုအဆင့်သို့ တိုးမြှင့်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) ဦးစိန်သန်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁၂-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၅ ၁။ နိုင်ငံတော်သီချင်း
၇:၁၀ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို
၈:၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၀၅ ၃။ မျိုးချစ်တပ်မတော်
၄:၁၀ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ ဇာတ်လမ်းတို
၄:၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၇။ လျှပ်တစ်ပြက်
၄:၃၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၉။ အိုင်စီတီသုတ
၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၇)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၄။ 'ရွှာ'ဟာသဇာတ်လမ်းတွဲ - တုန့်နိုင်းမမီ(အပိုင်း-၂) (ပေါ်လေး၊ ငွေမိုး၊ဦးမင်းခိုင်၊ နှင့်သရုပ်ဆောင်များ)
၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၅)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၅)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

# ဗုဒ္ဓမြတ်စွယ်တော်အတွက် အလှူရှင်များက အလှူငွေများနှင့် ရွှေငွေကျောက်မျက်ရတနာများ သဒ္ဓါတရားထက်သန်စွာ ဆက်လက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ ဒသမမြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညပိုင်းအထိ ရဟန်းရှင်လူပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**

နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူ ၄၉၈၂၀၆ ဦးရှိပြီး ယနေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လာရောက်ဖူးမြော်သူ ရဟန်းရှင်လူ ပြည်သူ ၄၅၃၅၃ ဦး ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးမြင့်-မိခင်ကြီး ဒေါ်တင်မြတို့အား ရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့်၊ သား-မောင်မင်းမင်း၊ သမီး- မအေးမြတ်ခိုင် မိသားစုနှင့် မင်္ဂလာဒုံ ပျဉ်းမပင်စက်မှုဇုန်မှ ဗိုလ်မှူးကြီးခင်မောင်လတ် (ငြိမ်း) အမှူးပြုသော စက်ရုံမိသားစုများက ငွေကျပ် ၁၁ သိန်းစီ၊ အဲပုဂံကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ညွန့်ယဉ်ဝင်းနှင့် သားသမီးမြေးများက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့ သုဝဏ္ဏနေ ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့် (ငြိမ်း)-ဇနီး ဒေါ်ယဉ်ယဉ်ရွှေ သားသမီး မြေးတစ်စုက ငွေကျပ် ၄၂၀၀၀၀၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း-ဒေါ်အေးအေး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (သဲဆုခိုင် ကုမ္ပဏီ လီမိတက်) ရွှေအင်ကြင်းရိပ်မွန်က ငွေကျပ် ငါးသိန်း၊ ဦးလှမြင့်ရွှေ-ဒေါ်အေးမြတ်မွန်၊ မစုထားမြတ်၊ မောင်အာကာဟိန်း၊ မောင်သီဟမြင့်မြတ် (United Pacific Co., Ltd.) တို့က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် မိသားစုက ငွေကျပ် တစ်သိန်း၊ စာပေဗိမာန် စာတည်းဌာနမှ ဒေါ်တင်ရွှေ (စာတည်း)၊ စာရေးဆရာမ မွှေးငယ်ငယ်က ငွေကျပ် ၁၀၁၀၀၀၊ ဦးသာကျော်အား အမှူးထား၍ ရန်ကုန်အနောက်ပိုင်းဆေးရုံမှ ဒေါက်တာစံအေးကြည်က ငွေကျပ် နှစ်သိန်းအပါအဝင် အလှူရှင် ၁၄၀ တို့က လှူဒါန်းကြပြီး တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် လမ်းမတော်မြို့နယ်နေ ဦးတင့်လွင်- ဒေါ်အေးအေး မိသားစုက ငွေကျပ် ၁၀၃၃၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်းနှင့် ဘုရားပုံတော် ရွှေဆွဲသီးငါးခု၊ မိဘနှစ်ပါးဖြစ်သော ဦးစိဝါ- ဒေါ်ဘုတ်အား အမှူးထား၍ မြိတ်မြို့နေ ဦးသန်းစိန်-ဒေါ်တင်မြမိသားစုက ငွေကျပ် ၉၈၀၀၀၀ တန်ဖိုးရှိ နီလာလုံးချော သုံးပွင့်စီပါ ရွှေကြယ်သီး ငါးလုံးနှင့် အစိမ်းနုရောင် ကျောက်တစ်ပွင့်စီပါ ရွှေကြယ်သီး ငါးလုံး၊ သုဝဏ္ဏမြို့နေ ဦးသိန်းဟန်- ဒေါ်ခင်ကြည်မိသားစုက ငွေကျပ် ၈၉၄၀၀၀ တန်ဖိုးရှိ နီလာဂေါ်ကြိုး ၁၉ပွင့်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ပတ္တမြားလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် စလင်းဖြူတာ တစ်ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ ဒေါ်ခင်ခင်လွင်၊ သား-မောင်လွင်ထွန်း မိသားစုက ငွေကျပ် ၆၇၂၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးလှမြင့်အား ရည်စူး၍ ဒေါ်မြမြအေး သားသမီးမြေးတစ်စုက ငွေကျပ် ၅၁၀၀၀၀ တန်ဖိုးရှိ နီလာလုံးချော ၃၀ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ တောင်ဥက္ကလာပမြို့နယ် ဟသ်ာသွယ်လမ်းနေ ချောမြတ်သီရိလှိုင်က ငွေကျပ် ၄၈၇၀၀၀ တန်ဖိုးရှိ ပတ္တမြား ၁၁ ပွင့်၊ စိန် ၁၀ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် စိန် ၁၆ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ရန်ကုန်မြို့နေ ဦးမြသောင်း-ဒေါ်ခင်ခင်ဌေး မိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ စိန်ရှစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ တေးသံရှင် စိုးစန္ဒာထွန်း မိသားစုက ငွေကျပ် လေးသိန်းတန်ဖိုးရှိ ပတ္တမြားလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ဦးလှမြင့်ရွှေ-ဒေါ်အေးမြတ်မွန်၊ မစုထားမြတ်၊ မောင်အာကာဟိန်း၊ မောင်သီဟမြင့်မြတ် (United Pacific Co., Ltd.) တို့က OKI တံဆိပ်ပါ ရွှေဆွဲပြား ငါးခု အပါအဝင် ရတနာမျိုးစုံ ၄၄၈ ခုကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၃၀ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာ ငွေ ၁၀၃၉၅၂၄၉၇ ကျပ်၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုး ငွေကျပ် ၅၇၉၁၀၅၀၀၊ အမေရိကန်ဒေါ်လာ ၄၃၂၀ နှင့် စင်ကာပူဒေါ်လာ ၂၁၇၊ FEC ၅၇၆ ယွမ်၊ ထိုင်းဘတ် ၉၇၀ နှင့် ယူရို ၅ တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း ၁၀၀၀**

ဆ-၁၅၇၆၁၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၅၀၀**

ဗ-၃၈၈၅၈၈

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၃၀၀ ဆုများ**

ငု-၅၅၈၃၇၈
မ-၅၀၇၅၁၄
ခ-၃၄၅၀၃၁

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၂၀၀ ဆုများ**

ဒ-၆၂၂၇၉၀
ဗ-၅၄၆၈၀၀
ဘ-၈၂၃၉၃၇
ဏ-၆၅၁၁၀၅
ပ-၁၄၁၈၂၅
က-၄၃၆၉၉၄
ဏ-၇၂၉၀၈၂
ည-၇၁၈၀၈၈
ထ-၃၃၀၅၀၀
ဂ-၉၃၄၆၃၉
ဋ-၈၃၀၉၀၀
ပ-၁၀၆၆၄၅
ဈ-၆၅၁၆၃၁
ဆ-၁၀၉၀၁၃
ဋ-၉၈၈၅၄၉
ဗ-၉၈၄၉၀၉
ပ-၁၁၂၃၅၇

**ကျပ်သိန်း ၁၀၀ ယူနစ် (မင်္ဂလာစုံတွဲစနစ်)**

**ဆုမဲများ**

ဠ-၁၃၅၅၁၇
ဠ-၆၄၄၈၂၅

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၆၅၀ | ၀. ၀၃၂၄၀ |
| တရုတ် (ယွမ်) | ၆. ၃၆၇၅၀ | ၀. ၁၅၇၀၅ |
| အိန္ဒိယ (ရူပီး) | ၅၁. ၄၆၇၅ | ၀. ၀၁၉၄၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၃၅ | ၀. ၃၁၈၂၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၃၅၄ | ၀. ၇၇၉၀၉ |
| ဂျပန် (ယန်း) | ၇၇. ၆၉၄၀ | ၀. ၀၁၂၈၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၅. ၀၇ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၄၁၄၂ | ၁. ၃၄၈၇၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၅၈၄ | ၁. ၅၇၂၇၃ |

အင်တာနက်။

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား လက်ခံတွေ့ဆုံ

## ပါတီစုံဒီမိုကရေစီစနစ် ပီပြင်စွာဖော်ဆောင်နေမှု၊ ပြည်သူတို့၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့အပေါ် အမြင်ချင်းဖလှယ်

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် လွှတ်တော်၏ ပါတီစုံဒီမိုကရေစီစနစ်ကို ပီပြင်စွာ ဖော်ဆောင်နေမှု၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူတို့၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်နေမှု၊ လွှတ်တော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ ဥပဒေကြမ်းများ ရေးဆွဲနေမှု၊ လွှတ်တော်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး နေမှုတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးနှင့်အတူ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ်းဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ မိုက်ကယ်ပိုစနာ၊ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး မစ္စတာ ဒဲရစ်မစ်ချယ်၊ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ မိုက်ကယ်အီးသာစတန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)





**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

(၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အလုပ်ရုံ ဆွေးနွေးပွဲကို ပုဂံနန်းမြင့်မျှော်စင်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank) (ADB) မှ Country Director Mr. Criag Steffensen နှင့် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာ Mr. Mason Florence တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက (၂၇)ကြိမ်မြောက် မဟာ မဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဟာမဲခေါင်ခရီးသွား လုပ်ငန်း (Forum) ၂၀၁၁ အစီရင်ခံစာ နှင့် နောက်ဆက်တွဲဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဒေသခွဲ ပူးပေါင်းဈေးကွက်ရှာဖွေရေး အစီအစဉ်၏ တိုးတက်မှုအခြေအနေ များကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်း နှင့် ဆက်စပ်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့နည်း ပပျောက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခွဲအတွင်း ဈေးကွက်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းအရင်းအမြစ်များ တိုးမြှင့် ဖော်ထုတ်ရေးအခြေအနေများကို ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွား လုပ်ငန်းပြပွဲနှင့် ရောင်စဉ်ထွန်းပ မြန်မာ့အလှ ဓာတ်ပုံပြပွဲများ ပိတ်ပွဲအခမ်းအနား တွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



ယင်းနောက် (၂၈)ကြိမ်မြောက် မဟာ မဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွား လုပ်ငန်းပြပွဲနှင့် ရောင်စဉ်ထွန်းပ မြန်မာ့ အလှ ဓာတ်ပုံပြပွဲများ ပိတ်ပွဲအခမ်း အနားကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ အမှာ စကား ပြောကြားရာတွင် ယနေ့ ကျင်းပ သော အစီအစဉ်တစ်ရပ်လုံးသည် မြန်မာ နိုင်ငံနှင့် အခြားမဟာမဲခေါင်ဒေသ အဖွဲ့ဝင်နိုင်ငံများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းအသင်း နှင့် အခြားအထောက်အကူပြု မိတ်ဖွဲ့ အဖွဲ့အစည်းများအကြား ဒေသတွင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက် ရေးအတွက် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ အစည်းအဝေး ကျင်းပ သည့် သုံးရက်တာကာလအတွင်း ကျင်းပခဲ့ သော ဆွေးနွေးပွဲများတွင် ပါဝင်ကြသူ များအားလုံးသည် မိမိတို့နှင့် သက်ဆိုင် သော အစီအစဉ်များကို ပါဝင်ဆွေးနွေး နိုင်ခဲ့ကြပြီး စိတ်ကူးသစ်များ ရရှိခြင်း၊ အတွေ့အကြုံဗဟုသုတများကို ဆွေးနွေး ဖလှယ်နိုင်ခြင်း စသည်တို့အပြင် အတွေ့ အကြုံရှိသည့် ဟောပြောဆွေးနွေးသူများ ၏ ကျွမ်းကျင်မှုများကိုလည်း မျှဝေရယူ နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ် အတွင်းရှိ သက်ဆိုင်သော အဖွဲ့အစည်း များ၊ လုပ်ငန်းရှင်များနှင့် အထက်အဆင့် စီမံဆောင်ရွက်သူ ဝန်ထမ်းများအတွက် နည်းလမ်းကောင်းများ ရရှိကြသဖြင့် များစွာအကျိုးရှိပါကြောင်းဖြင့် ပြောကြား ခဲ့သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂-၁၂-၂၀၁၁ (သောကြာနေ့)**

**[၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ဓမ္မနုဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်) |
| ၈း၀၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၁၅ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၂၅ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၄၀ | ၈။ | International News |
| ၈း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၀ | ၃။ | နှောင်းခေတ်တေးပဒေသာ |
| ၄း၃၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၅၅ | ၆။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၀ | ၇။ | အကပဒေသာ |
| ၅း၃၅ | ၈။ | "ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ" |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | ရသစုံလင်အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၁၁)** |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | လျှပ်တစ်ပြက်ဟာသများ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၃)** |
| | ၁၈။ | သီချင်းချစ်သူ (ရှင်းရှင်း) |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

## ပျော်ဘွယ်မြို့၌ ပျံကျဈေးသည်များအား ချေးငွေများထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁**

မြို့နယ်အတွင်း ဆင်းရဲမှုလျှော့ချရေး လှုပ်ရှားမှုအဖြစ် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နယ်စပ်ရေးရာ ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန နှင့် စည်ပင်သာယာရေးဘဏ်လီမိတက် တို့၏ ကူညီပံ့ပိုးမှုဖြင့် ပျော်ဘွယ် မြို့မဈေး အမှတ်(၁)၊ အမှတ်(၂)နှင့် မြို့ပေါ် ရှစ်ရပ်ကွက်တို့မှ ပျံကျဈေးသည်များအား ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်တွင် အမေထိန်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းနိုင်က ချေးငွေထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ချေးငွေထုတ်ယူလိုသူ ပျံကျဈေးသည် ၂၀၀ အား ချေးငွေ ပထမအရစ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ နံနက် ၂ နာရီ ၁၅ မိနစ် ၂၈ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်းမှ အနောက်တောင်ဘက် ၆၃၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ နီကိုဘားကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

## နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းညှိစောင့်ကြပ်ဆောင်ရွက်နေမှု နိုင်ငံအားလုံးနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ်းဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုက်ကယ်ပိုစနာ၊ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာညှိနှိုင်းရေးမှူး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၌ ကော်မတီများဖွဲ့စည်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်နေမှု၊ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် အဓိကထားဆောင်ရွက်နေမှု၊ ခေတ်နှင့်လျော်ညီပြီး လက်တွေ့ဆောင်ရွက်နိုင်သည့် ဥပဒေများ ပေါ်ထွန်းလာစေရေးနှင့် ထိုဥပဒေများအတိုင်း လွှတ်တော်၊ အစိုးရနှင့် ပြည်သူများက အမှန်တကယ် လိုက်နာဆောင်ရွက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းညှိစောင့်ကြပ် ဆောင်ရွက်နေမှု၊ လွှတ်တော်အား ခိုင်ခံ့အောင်နှင့် ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်နေမှု၊ နိုင်ငံအားလုံးနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးများ ဆက်လက်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံလည်း တက်ရောက်သည်။ (သတင်းစဉ်)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)





**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

## မန္တလေးကုန်စည်ဈေးနှုန်း(၁-၁၂-၂၀၁၁)

| | | | |
|---|---|---|---|
| **ရွှေဈေး** | | နှမ်းဆီ | ၂၄၀၀/၂၄၀၀ |
| အခေါက်ရွှေ(အဆင့်-၁) | ၇၂၆၀၀၀ | ပန်းနှမ်းဆီ | ၂၆၅၀/၂၇၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၂၅၀၀၀ | နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၃၀၀၀ | မုန်ညင်းဆီ | ၂၈၅၀/၂၈၅၀ |
| **ဆန်ဈေး(သန့်စင်ပြီး တစ်တင်းခွဲ အိတ်ဈေးနှုန်း)** | | စားအုန်းဆီ | ၁၇၈၀/၁၈၀၀ |
| | | ကြက်ဆူဆီ | ၃၂၀၀ |
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ | **သကြားဖိုင်ဈေးနှုန်း** | |
| ရွှေဘိုမနော် | ၂၆၀၀၀ | ခဲသကြား | ၈၀၀/၈၁၀ |
| မဂျမ်းတော | ၂၈၀၀၀ | ပွတ်သား | ၆၁၀/၆၂၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ | ခဲရေ | ၃၀၀/၃၁၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ | ပေါင်းရေ | ၂၆၀ |
| ပေါ်ကွဲ(ဟောင်း) | ၂၂၀၀၀ | **ပေါင်းသကြားစက်ရုံဈေး** | |
| ပေါ်ကွဲ(သစ်) | ၁၉၅၀၀ | ထိပ်စ A | ၁၁၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ | လတ်စ B | ၁၀၈၀ |
| ဧယာ(သစ်) | ၁၅၅၀၀ | အောက် C | ၁၀၆၀ |
| ငစိန် | ၁၄၀၀၀ | **စက်သုံးဆီ** | |
| ဧရာမင်း(ဟောင်း) | ၂၆၀၀၀ | ရေနံစိမ်း(တစ်စည်)၁၀၇. ၈၀ ဒေါ်လာ | |
| သုခ-မတ္တရာ | ၁၃၀၀၀ | ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၈၀၀ |
| ရွှေသွယ် | ၁၂၀၀၀ | ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀/၃၆၀၀ |
| **ဆီဈေး** | | | |
| ပဲဆီ | ၃၀၀၀/၃၆၀၀ | | (၀၀၂) |

# သမဝါယမလုပ်ငန်းများ ပေါ်ထွန်းရေး ဖွဲ့စည်းဆောင်ရွက်ခြင်း ဦးစားပေးဆောင်ရွက်

## ယခုပညာသင်နှစ်မှစ၍ အခမဲ့ပညာသင်ကြားရေးစနစ် အကောင်အထည်ဖော်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁

**နိုင်ငံတော်ကဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုသာမကဘဲ သမဝါယမနှင့်ဆက်စပ်နေသောလုပ်ငန်းကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။**

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအထောက်အကူပြု သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအစည်းအဝေး(၂/၂၀၁၁)၌ ဆွေးနွေးမှာကြားစဉ်။**
(သတင်းစဉ်)



ထိုသို့ဆောင်ရွက်ရာတွင် နယ်ပယ်အသီးသီး၊ နေရာအသီးသီး၌ ကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်နေသော လူငယ်များမှ သမဝါယမစနစ်၊ နည်းလမ်းများ အသုံးပြုကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သမဝါယမလုပ်ငန်းများ(Co-Operative Enterprise)ပေါ်ထွန်းလာစေရေးအတွက် ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဦးစားပေး ဆောင်ရွက်ရမည့်အခြေအနေသို့ ရောက်ရှိနေကြောင်း။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ကာ သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့တွင် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် သမဝါယမပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းစသည့် သမဝါယမပညာရပ်များအား အဓိကသင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို ပညာရှင်၊ လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ကောလိပ်များတွင် ကျောင်းသား၊ ကျောင်းသူများအား ယခုပညာသင်နှစ်မှစ၍ ကျောင်းလခကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာသင်ကြားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ ကောလိပ်များမှ နှစ်နှစ်သင်ကြား မွေးထုတ်ပေးလိုက်သော ကျောင်းသား၊ ကျောင်းသူများ လုပ်ငန်းခွင်အတွင်း ဝင်ရောက်လိုပါက သမဝါယမအသင်း အဆင့်ဆင့်တွင် အလုပ်အကိုင်ရရှိရေးကို လည်းကောင်း၊ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီများတွင် လုပ်ကိုင်လိုပါက လုပ်ကိုင်နိုင်ရေးကို လည်းကောင်း၊ အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးလိုပါက ဆက်လက်ဆည်းပူးသင်ကြားနိုင်ရေးကို လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် သမဝါယမပညာရပ်များ သင်ကြားရေးအထောက်အကူပြု ပညာသင်ထောက်ပံ့ပေးမည့် ဖောင်ဒေးရှင်းများ ဖွဲ့စည်းတည်ထောင်ရန်လည်း စည်းရုံးပြင်ဆင်လျက်ရှိကြောင်း။

သမဝါယမ လုပ်ငန်းများအနေဖြင့် သုံးသပ်ကြည့်ပါက လူငယ် Co-Operator များရှိမှ Co- Operative Enterprise များ ဖွဲ့စည်းပေါ်ထွန်းလာမည်ဖြစ်ပြီး Co-Operative Educating နှင့် Co-Operative Regulating လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Co-Operative Enterprise Build a Better World" အတိုင်း သမဝါယမလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ပိုမိုပါဝင်လာရေး စည်းရုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သမဝါယမစနစ် မှန်ကန်ကြောင်း၊ လက်တွေ့အကျိုးရှိကြောင်းကို ပြည်သူများ၊ အဖွဲ့အစည်းများ နားလည်သဘောပေါက်လာပါက Co-Operative Societies အသွင်ကူးပြောင်း၍ ပူးပေါင်းဆောင်ရွက်တတ်သည့် လူမှုစီးပွား အသွင်ကူးပြောင်းသွားမည် ဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပေါင်းစပ်၍ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသော စိုက်ပျိုးရေးကုန်ထုတ်အသင်း၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသော မွေးမြူရေးကုန်ထုတ်အသင်း၊ ကုန်သွယ်မှုလုပ်ငန်းကို အခြေခံသော ကုန်သွယ်မှုအသင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းများကို အခြေခံသော ဝန်ဆောင်မှုအသင်းစသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ခိုင်မာသော အသင်းများဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြု သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအစည်းအဝေး (၂/၂၀၁၁)၌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်းဂျာနယ်သတင်းထောက်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းဂျာနယ်သတင်းထောက်များအား ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်ရှိ PRESS ROOM ၌ လက်ခံတွေ့ဆုံပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုနှင့် စပ်လျဉ်း၍ သတင်းထောက်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များ တက်ရောက်ကြသည်။ (သတင်းစဉ်)





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ သတင်းထောက်များ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး လာရောက်တွေ့ဆုံ



**တွေ့ဆုံဆွေးနွေး**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံ၌ တရားဝင်ခရီးရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရို လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael Posner၊ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အာရှရေးရာအမျိုးသားလုံခြုံရေးကောင်စီမှ Senior Director Mr. Daniel Russell တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် ရန်ကုန်မြို့သို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးမင်းသိန်း၊ ခရိုင်မြေစာရင်းဦးစီးမှူးများ၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးနှင့် မြို့နယ် မြေစာရင်းဦးစီးမှူးများအား တွေ့ဆုံ၍ စိုက်ဧကမှန်ကန်ရေး၊ ရိတ်သိမ်းလျက်ရှိသည့် မိုးစပါးအထွက်နှုန်းများ မှန်ကန်ရေး၊ မြေစာရင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရေး စသည်ဖြင့် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ အထက်မြန်မာပြည်ကြေးတိုင်ဦးစီးဌာန၌ ဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ လယ်ယာသန်းခေါင်စာရင်းကောက်ယူခဲ့သည့် စာရင်းများအား ကွန်ပျူတာအတွင်းသို့ DATA ထည့်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်ကိစ္စရပ်များ၊ အမှုတွဲခန်းနှင့် ပြည်သူများ စာချုပ်မှတ်ပုံတင်လာရောက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကြက်ခြံများ ဇီဝလုံခြုံမှုမြှင့်တင်ရေး ရှမ်းရိုးမမွေးမြူရေးဇုန်၌ အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁**

ရာသီဥတု ကူးပြောင်းချိန်ကာလ ဆောင်းခိုငှက်များ ရောက်ရှိလာချိန် နီးကပ်လာပြီဖြစ်၍ ရှမ်းပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်စေရေး၊ မွေးမြူရေးခြံပိုင်ရှင်များ ဂရုစိုက်၍ မိမိတို့ကြက်ခြံများအား ဇီဝလုံခြုံမှုမြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၂၇ ရက်တွင် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ မြို့နယ်ဦးစီးမှူးများဖြစ်ကြသော ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာသက်နိုင်မိုးတို့က ပညာပေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၆၉) တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ်ဘွဲ့ရများ၏ (၁၃)ကြိမ်မြောက် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်း ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ ဦးလှတိုး ဖုန်း-၀၉-၅၀၀၀၈၀၁၊ ဦးခင်မောင်ဝေ ဖုန်း-၀၉-၅၀၄၈၈၈၀၊ ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၇၃၁၃၇၀၀၀၊ ဦးအေးဇော် ဖုန်း-၀၉-၇၃၀၅၆၉၅၂၊ ခင်ဝင်း ဖုန်း-၀၉-၇၃၀၇၈၈၆၃၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) ဖုန်း-၀၉-၅၀၀၃၀၈၄၊ အင်းလေးစိုးမြင့် ဖုန်း-၀၉-၉၉၂၃၃၃၀နှင့် ဦးကြည်မြင့် ဖုန်း-၀၉-၇၃၀၁၃၉၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

# တရုတ်၊ အိန္ဒိယ နိုင်ငံများနှင့်ဆက်လက်၍ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုများအပေါ် ထောက်ခံ

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး**

☆ **ရွှေဖုံးမှ**

ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့်အတူ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ်းဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုက်ကယ်ပိုစနာ၊ မြန်မာနိုင်ငံအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး မစ္စတာ ဒဲရစ်မစ်ချယ်၊ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ မိုက်ကယ်အီးသာစတန်နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သမိုင်းတွင်မည့်ခရီး**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆွေတော်အနေဖြင့် နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးလာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ခရီးစဉ်ဖြစ်သည့်အတွက် သမိုင်းတွင်မည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုအဆင့်မှ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုအဆင့်သို့ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံနှင့် အစဉ်အဆက်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည့် နိုင်ငံများဖြစ်ပြီး Geo-Politics အရလည်း အရေးပါသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မိမိတို့အား အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်စေရန်တိုက်တွန်းအားပေးမှု၊ အနောက်နိုင်ငံများနှင့် နှစ်နိုင်ငံထိတွေ့ဆွေးနွေးနိုင်ရန် စီမံဆောင်ရွက်ပေးမှုများပင် လုပ်ဆောင်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တရုတ်၊ အိန္ဒိယ နိုင်ငံများနှင့် ဆက်လက်၍ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် အမေရိကန်နိုင်ငံနှင့် အစိုးရချင်း ထိတွေ့ဆက်ဆံမှုသာမက ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများလည်း ရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီအတွေ့အကြုံနှင့် အလေ့အကျင့် အားနည်းသေးပါကြောင်း၊ အစိုးရအဖွဲ့သစ်၏ သက်တမ်းသည် ရှစ်လသာရှိသေးသည့်အတွက် ဒီမိုကရေစီရှင်သန်ထွန်းကားရေး ဖော်ဆောင်ရာတွင် ခြေလှမ်းတိုင်းကို သတိထားပြီး ညင်သာစွာ အသွင်ကူးပြောင်းနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီရှင်သန်ထွန်းကားစေမည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် ယနေ့ဆောင်ရွက်ချက်များအပေါ် ပြည်တွင်းပြည်ပထောက်ခံမှုများ ရရှိနေပြီဖြစ်သည့် မိမိတို့အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန်မရှိပါကြောင်း။

နိုင်ငံရေးတွင် အားလုံးပါဝင်လာနိုင်အောင် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် NLDပါတီတို့ မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်နိုင်အောင် စီမံဆောင်ရွက်ပေးခြင်းသည် ထင်ရှားသည့် အပြောင်းအလဲပင်ဖြစ်ပါကြောင်း၊ မီဒီယာပိုင်းတွင်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှုကို ဒွန်တွဲ၍ မီဒီယာလွတ်လပ်ခွင့်ကို တစ်ဆင့်ချင်း ခွင့်ပြုပေးလျက်ရှိပါကြောင်း။

**အဓိကလိုအပ်ချက်**

ဒီမိုကရေစီဖော်ဆောင်ရေးတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းပြည်ပ နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် ညင်သာစွာ ကိုင်တွယ်ဆောင်ရွက်နေသည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မကြာမီ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းသို့ ဝင်ရောက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ၎င်းတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များတွင် ယခင်က အမေရိကန်၏ အားပေးကူညီမှုများ ရရှိခဲ့ပါကြောင်း။

**ကူညီပံ့ပိုးမှုလို**

စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စားရေး၊ ဝတ်ရေးနှင့် နေရေးတို့အတွက် မိမိတို့တွင် စိုးရိမ်ပူပန်ရန်မရှိပါကြောင်း၊ သို့သော် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေသည့်အတွက် ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းခန့်ရှိနေပါကြောင်း၊ ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ပြီး အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ကုလသမဂ္ဂနှင့် INGO များ၏ ပူးပေါင်း ဆောင်ရွက်မှုများလည်း လိုအပ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် စက်မှုဇုန်များ၊ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များ ထူထောင်ဆောင်ရွက်ပေးနေပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင် အလယ်အလတ်လူတန်းစား များများပေါ်ထွန်းရေး အားပေးဆောင်ရွက်နေပါကြောင်း၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ အပြန်အလှန်ကုန်သွယ်ရေး၊ ငွေကြေးအရင်းအနှီးစီးဆင်းမှု စံချိန်စံညွှန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှု (FDI) နှင့် IMF နှင့် World Bank ကဲ့သို့သော နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများလည်း လိုအပ်ပါကြောင်း၊ IFIS ကဲ့သို့သော အဖွဲ့အစည်းများထံမှ လေ့လာသုတေသနပြုမှုများလည်း အရေးကြီးပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်လိုပါကြောင်း၊ အမေရိကန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများ၌ မြန်မာကျောင်းသားများ တက်ရောက်ခွင့်ရရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းကို မြှင့်တင်လိုပါကြောင်း။

**နျူကလီးယားစွမ်းအင်**

အဏုမြူ မပြန့်ပွားရေးကိစ္စနှင့် စပ်လျဉ်း၍ အခြားနိုင်ငံများနည်းတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် (၁၇၁၈)နှင့် (၁၇၈၄)တို့အပေါ် လေးစားလိုက်နာလျက် ရှိပါကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် IAEA နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး IAEA နောက်ဆက်တွဲ Protocol တွင် လက်မှတ်ရေးထိုးရန် စဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမေရိကန်သမ္မတ အိုဘားမားနှင့်တကွ အမေရိကန်ပြည်သူများ ကျန်းမာချမ်းသာကြစေရန် လည်းကောင်း၊ အဆွေတော်၏ခရီးစဉ် ဖြောင့်ဖြူးသာယာစေရန် လည်းကောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ကတိပြုလို**

ဆက်လက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်က ဆွေးနွေးရာတွင် အဆွေတော်သမ္မတကြီးမှ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံ ပြောကြားဆွေးနွေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတအိုဘားမားထံမှ အဆွေတော်၏ နိုင်ငံတော်တိုးတက်ရေးဆောင်ရွက်ချက်များနှင့် မိမိတို့လာရောက်နိုင်ရန် လက်ခံစီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်အသိအမှတ်ပြုသည့် ကိုယ်ရေးစာတစ်စောင်ကို မိမိနှင့်အတူ ယူဆောင်လာပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုကို အခြေခံလျက် ဆက်ဆံရေးတိုးမြှင့်သွားနိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များတွင် မိတ်ဖက်နိုင်ငံအနေဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် ကတိပြုလိုပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍတိုးမြှင့်လာမှုကို အသိအမှတ်ပြုပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်မှုများအပေါ် ထောက်ခံပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့◆



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

☆ **နိုင်ငံရေးတွင် အားလုံးပါဝင်လာနိုင်အောင် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်ပေးသွားမည်၊**

**ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့ မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်နိုင်အောင် စီမံဆောင်ရွက်ပေးခြင်းသည် ထင်ရှားသည့် အပြောင်းအလဲပင်ဖြစ်၊ မီဒီယာပိုင်းတွင်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှုကို ဒွန်တွဲ၍ မီဒီယာလွတ်လပ်ခွင့်ကို တစ်ဆင့်ချင်း ခွင့်ပြုပေးလျက်ရှိ။**

☆ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်လို၊ အမေရိကန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများ၌ မြန်မာကျောင်းသားများ တက်ရောက်ခွင့်ရရန် ဆန္ဒရှိ။**

**မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အဆွေတော်ရွေးချယ်ခဲ့သည့် လမ်းကြောင်းသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပင်ဖြစ်သည်ဟု ယုံကြည်၊ အဆွေတော်၏ရွေးချယ်မှုကိုထောက်ခံပြီး ရှေ့ဆက်လျှောက်လှမ်းမည့် လမ်းကြောင်းတွင် မိမိတို့အပါအဝင် နိုင်ငံများက ကူညီပံ့ပိုးပေးသွားမည်ဖြစ်၊ မြန်မာနိုင်ငံသည်လည်း တန်ဖိုးကြီးမားသည့် စွမ်းအင်အရင်းအမြစ်များ ပိုင်ဆိုင်ထားပြီးဖြစ်၍ တွေ့ကြုံရမည့် အခက်အခဲများကို ကောင်းမွန်စွာ ကျော်လွှားနိုင်ပြီး အောင်မြင်မှု တိုးတက်မှုများ ရရှိမည်ဟု ယုံကြည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

◆စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အဆွေတော်ရွေးချယ်ခဲ့သည့် လမ်းကြောင်းသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်၏ ရွေးချယ်မှုကိုထောက်ခံပြီး ရှေ့ဆက်လျှောက်လှမ်းမည့်လမ်းကြောင်းတွင် မိမိတို့အပါအဝင်နိုင်ငံများက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း တန်ဖိုးကြီးမားသည့် စွမ်းအင်အရင်းအမြစ်များ ပိုင်ဆိုင်ထားပြီးဖြစ်၍ တွေ့ကြုံရမည့်အခက်အခဲများကို ကောင်းမွန်စွာ ကျော်လွှားနိုင်ပြီး အောင်မြင်မှု တိုးတက်မှုများ ရရှိမည်ဟု ယုံကြည်ပါကြောင်း။

### အသိအမှတ်ပြု

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် လာမည့်နှစ်အစောပိုင်းကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ အမေရိကန်နိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရန်ဆန္ဒရှိသည်နှင့်အညီ လွန်ခဲ့သည့်(၂)နှစ်ခွဲကာလအတွင်း မြန်မာနိုင်ငံသို့ အမေရိကန်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခဲ့ပါကြောင်း၊ မြန်မာအစိုးရအဖွဲ့သစ်၏ ထူးခြားသော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း၊ ၎င်း ဖြစ်ပေါ်တိုးတက်မှုများအတွက် တူညီသောပူးပေါင်းဆောင်ရွက်မှုဖြင့် တုံ့ပြန်ရန်ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာလုပ်ငန်းစနစ်ကို ကူညီပံ့ပိုးနိုင်ရန်အတွက် World Bank Mission စေလွှတ်ရန် ညှိနှိုင်းဆောင်ရွက်ပေးလိုပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုလားပါကြောင်း၊ UNDP နှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြေမြှုပ်မိုင်းများဖော်ထုတ်ရေး၊ အသေးစားချေးငွေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးသူငယ်ပညာပေးရေးလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ John Hopkins ပညာသင်ဆုအစီအစဉ်အောက်မှ Public Health နှင့် Engineering ဆိုင်ရာ ပညာသင်ဆုများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်အောက်ပိုင်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များ၌ မြန်မာနိုင်ငံပါဝင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ပုံမှန်အတိုင်းဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး သံအမတ်ကြီးအဆင့် တိုးမြှင့်ခန့်အပ်နိုင်ရေး စဉ်းစားသွားမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်း၍ လာမည့်နှစ်အစောပိုင်းတွင် အဖွဲ့တစ်ဖွဲ့စေလွှတ်လိုပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အပစ်အခတ်ရပ်စဲခြင်း စသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုများအတွက် ချီးကျူးပါကြောင်းနှင့် တတ်အားသရွေ့ ကူညီပေးလိုပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ၎င်းကော်မရှင်အနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံရေးတွင် မကြာမီ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး မျှော်လင့်ပါကြောင်းနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့များ လာရောက်ခွင့်ပြုရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ၎င်း ကလီးယား မပြန့်ပွားရေးကိစ္စသည် မိမိတို့အဓိကထားရသည့် ထိပ်တန်းဦးစားပေးကိစ္စရပ် ဖြစ်ပါကြောင်း၊ UNSC၏ ဆုံးဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏ လေးစားလိုက်နာမှုများအတွက် ကျေးဇူးတင်ပါကြောင်း။

### မိတ်ဖက်နိုင်ငံဖြစ်လို

လက်ရှိအမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ကြားဖြတ်ရွေးကောက်ပွဲအပါအဝင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ဘက်ကလည်း စီးပွားရေးပိတ်ဆို့မှု၊ ခရီးသွားလုပ်ငန်း ကန့်သတ်မှု၊ သွင်းကုန်တင်ပို့ခြင်းကန့်သတ်မှုများကို လျှော့ချရုပ်သိမ်းသွားနိုင်အောင် Road Map ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမေရိကန်သည် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံဖြစ်လိုပါကြောင်း၊ ထို့ကြောင့် အပြန်အလှန်လေးစားလိုက်လျောမှုအပေါ် အခြေခံ၍ ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ ဤသဘောဆန္ဒသည် အမေရိကန်သမ္မတ အိုဘားမား အပါအဝင် နိုင်ငံ့ထိပ်ပိုင်းခေါင်းဆောင်များ၏ ဆန္ဒပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရှိမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတကလည်း ယခုကဲ့သို့ ကိစ္စရပ်အတော်များများအပေါ် အကြံပြုမှုများ၊ တိုက်တွန်းမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် အလေးအနက် စဉ်းစားသုံးသပ်၍ လုပ်သင့်လုပ်ထိုက် လုပ်နိုင်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယနေ့ တွေ့ဆုံဆွေးနွေးမှုတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမေရိကန်သမ္မတ အိုဘားမားက မစ္စစ် ဟီလာရီ ကလင်တန်မှတစ်ဆင့် ကိုယ်ရေးစာတစ်စောင် ပေးပို့ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးအတွက် ခြေလှမ်းသစ်လှမ်းနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည်ဟု မိမိတို့အားလုံး မျှော်လင့်ထားပါကြောင်း ဖော်ပြထားသည်ဟု သိရှိရသည်။

(သတင်းစဉ်)



## အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်၌ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်သည် ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်တွင် ခေတ္တတည်းခိုသည့် သင်္ဂဟဟိုတယ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

### တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများမှ စာတည်းများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်က မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမေရိကန်နိုင်ငံမှ The New York Times သတင်းစာနှင့် The Wall Street ဂျာနယ်၊ မြန်မာနိုင်ငံမှ မြန်မာတိုင်းမ်ဂျာနယ်နှင့် The Voice ဂျာနယ်တို့က မေးမြန်းသည်များကို ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

# အခြေခံလူတန်းစားများအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်း

## အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။)**

**၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်**

**(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစားငွေရေးကြေးရေးလုပ်ငန်း** ဆိုသည်မှာ အခြေခံလူတန်းစားအား အသေးစားချေးငွေထုတ်ပေးခြင်း၊ ယင်းတို့ထံမှ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ခ) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် မတည်ငွေ၊ လျှုဒါန်းငွေနှင့် ထောက်ပံ့ငွေများထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်သည့် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **အသေးစားချေးငွေ** ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရန် အာမခံပစ္စည်းတင်သွင်းရန်မလိုဘဲ ထုတ်ချေးသည့်ငွေကို ဆိုသည်။

(ဃ) **အခြေခံလူတန်းစား** ဆိုသည်မှာ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဈေးသည်များအပါအဝင် ပြည်သူများကို ဆိုသည်။

(င) **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ** ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဇ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီက ဤဥပဒေအရ ဖွဲ့စည်းထားသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ဈ) **မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းကို ဆိုသည်။

(ည) **စီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဋ) **အပ်ငွေ** ဆိုသည်မှာ တောင်းခံလျှင်ဖြစ်စေ၊ အခြားအခြေအနေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြန်လည်ပေးရန်ဖြစ်သော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ အသင်းသားအဖွဲ့ဝင်က အပ်နှံသည့်ငွေကို ဆိုသည်။ ယင်းစကားရပ်တွင် စုဆောင်းငွေလည်းပါဝင်သည်။

(ဌ) **လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ဆိုသည်။

### အခန်း(၂)

### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊

(ခ) အခြေခံလူတန်းစား၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) ချွေတာစုဆောင်းသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်၊

(င) အသေးစားစီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ထွက်လာစေရေးအတွက် အားပေးရန်၊

(စ) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ချဲ့ထွင်ပေးရန်၊

(ဆ) အခြေခံလူတန်းစားအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သော နည်းလမ်းများဖြင့် အကူအညီပေးရန်၊

(ဇ) ပြည်တွင်းပြည်ပမှ နည်းပညာများ ရယူဖြန့်ဖြူးပေးရန်။

### အခန်း(၃)

### ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ နိုင်ငံတော်သမ္မတရုံးသည် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ရှိ လုပ်ငန်းကော်မတီများအား ပေါင်းစပ်ကူညီဖြည့်ဆည်းပေးရမည်။

### အခန်း(၄)

### အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီက ချမှတ်ပေးသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းကော်မတီများအား အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ ဘဏ်များနှင့် ချိတ်ဆက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(စ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းအား အဖွဲ့အစည်းအမျိုးအစားအလိုက် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းကို သတ်မှတ်ခြင်း၊

(ဆ) ဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်စေရန် အပ်ငွေအပေါ်ပေးရမည့် အတိုးနှုန်း၊ ထုတ်ချေးငွေအပေါ် ကောက်ခံရမည့် အတိုးနှုန်းနှင့် ဝန်ဆောင်ခနှုန်းများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကျင့်သုံးလျက်ရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ခြင်း၊

(ဇ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း၊

(ဈ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား စိစစ်သုံးသပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၈။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေး၊ ထပ်မံတိုးမြှင့်သည့် မတည်ငွေပမာဏအပေါ်ကောက်ခံသည့် လိုင်စင်ကြေးနှင့် နှစ်စဉ်လိုင်စင်ကြေးများကို သတ်မှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းအသုံးပြုခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

### အခန်း(၅)

### အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၀။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ ဘဏ်များနှင့် ချိတ်ဆက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန်တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းနှင့် ပညာဖြန့်ဖြူးပေးခြင်း၊

(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၆)

### မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်များ

၁၁။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများနှင့် အစီရင်ခံရမည့် ပုံစံများကို သတ်မှတ်ခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းသည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် သို့မဟုတ် အကြောင်းသင့်ဆက်စပ်ဖြစ်ပေါ်လာသည့် လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ရမည်။

### အခန်း(၇)

### ဖွဲ့စည်းတည်ထောင်ခြင်း

၁၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်။

၁၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည်-

(က) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ရေးဆွဲထားရမည်။

(ခ) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်း၍ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

(ဂ) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရာတွင် ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ရန်လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံစေရမည်။

၁၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအဖွဲ့သည် မိမိကိုယ်စားဆောင်ရွက်ပိုင်ခွင့်များကို သက်ဆိုင်ရာအသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ တာဝန်ရှိသူများကို လွှဲအပ်နိုင်သည်။

၁၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်လိုပါက သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့တင်ပြ၍ ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှသာ ပြင်ဆင်ရမည်။

### အခန်း(၈)

### လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

၁၇။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည် လုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအချက်များပါဝင်သော ဖြစ်နိုင်ခြေလေ့လာချက်ကို ပူးတွဲ၍တင်ပြရမည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မည့်ဒေသ၊ ဈေးကွက်ရှိကြောင်းနှင့် သက်ဆိုင်ရာပြည်သူများကလည်း စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြချက်၊

(ခ) ငွေရေးကြေးရေးအရင်းအမြစ်များ မည်မျှလိုအပ်ကြောင်းနှင့် ယင်းတို့ကို မည်သို့ရရှိမည်ဖြစ်ကြောင်း ဖော်ပြချက်၊

(ဂ) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ပါက ရရှိမည်ဟု မျှော်မှန်းထားသည့် အကျိုးအမြတ်နှင့် အကျိုးအမြတ်များကို စီမံခန့်ခွဲမည့် အစီအစဉ်များ၊

(ဃ) စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှု၊

(င) လုပ်ကိုင်လိုသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းအမျိုးအစားများ။

၁၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်ထားရှိရမည်-

(က) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊

(ခ) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း။

၁၉။ (က) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့်စုစည်းရရှိသည့် ရန်ပုံငွေနှင့် အသေးစားချေးငွေရယူသည့် အခါတိုင်း အသင်းသားများက မဖြစ်မနေစုဆောင်းရသည့် စုဆောင်းငွေများဖြင့် အသေးစားချေးငွေများ ထုတ်ပေးခြင်းကိုဆောင်ရွက်ရမည်။

(ခ) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေ၊ အသေးစားချေးငွေရယူသည့်အခါတိုင်း အသင်းသားများက မဖြစ်မနေစုဆောင်းရသည့် စုဆောင်းငွေနှင့် မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေများဖြင့် အသေးစားချေးငွေများ ထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်။

၂၀။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသော အဖွဲ့အစည်းများသည်-

(က) ထည့်ဝင်ပြီးမတည်ငွေရင်းကို ငွေသားဖြင့်ပေးသွင်းရမည်။

(ခ) ထည့်ဝင်ပြီးမတည်ငွေရင်းအပြည့်အဝကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရမည်။ အဆိုပါ ထည့်ဝင်ပြီးမတည်ငွေရင်းကို ကြီးကြပ်မှုကော်မတီက လုပ်ငန်းလိုင်စင်ထုတ်ပေးမှု လုပ်ငန်းများဆောင်ရွက်ပြီးစီးမှသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

၂၁။ (က) ကြီးကြပ်မှုကော်မတီသည် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက်များနှင့်

ဖြစ်နိုင်ခြေလေ့

သည့်နေ့မှ ရ

ထုတ်ပေးခြင်း

ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကို

မထားရှိရ။

၂၂။ အသေးစားငွေရေးကြေ

အဖွဲ့အစည်းသည် မိမိ၏ 

လုပ်ငန်း၏အခြေအနေမှန်နှ

အဓိပ္ပာယ်ကောက်ယူစေနိုင်

ကော်မတီက ယူဆလျှင် လု

၂၃။ အသေးစားငွေရေးကြေ

ရရှိသည့်နေ့မှစ၍ ၁၅ ရက်

ကြေးကို သက်ဆိုင်ရာ တိုင်း

သတ်မှတ်ထားသော မြန်မာ့

ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း

၂၄။ ကြီးကြပ်မှုကော်မတီသ

အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်

အခါ မြန်မာနိုင်ငံပြန်တမ်း

၂၅။ အသေးစားငွေရေးကြေ

(က) လုပ်ငန်းလုပ်ကို

စတင်ရမည်။

(ခ) လုပ်ငန်းလုပ်ကိ

၂၆။ အောက်ပါအခြေအနေ

သက်ဆိုင်ရာ အသေးစား

လိုင်စင်ကို ရုပ်သိမ်းရမည်-

(က) အသေးစားငွေ

သည့် အနည်း

ရန် ပျက်ကွက်

(ခ) လုပ်ငန်းဆုံးရှုံး

ငွေရင်းလိုအပ်

ဖြည့်တင်းရန်

(ဂ) မိမိဆန္ဒအလေ

ရှင်းလင်းဖျက်

(ဃ) အခြားအသေး

စည်းခြင်းကြော

ဖြစ်စေ မူလဝ

(င) ကြီးကြပ်မှုကော

ထုတ်ပြန်ထား

လိုက်နာဆော

၂၇။ (က) အသေးစားငွေ

ငွေရေးကြေးရေ

မိမိအဖွဲ့အစည်

လုပ်ငန်းကော်မ

ခွင့်ပြုချက် ရ

(ခ) ပုဒ်မခွဲ(က)အ

ကြောင့် ပေါ်

သည် ကြီးကြ

လိုင်စင်ရရှိမှသ

ရမည်။

၂၈။ အသေးစားငွေရေးကြေ

လုပ်ငန်းနေရာရွှေ့ပြောင်းခြ

ကော်မတီမှတစ်ဆင့် ကြီးက

**အသေးစားငွေရေးကြေး**

၂၉။ အသေးစားငွေရေးကြေ

ချက်ဖြင့် အောက်ပါလုပ်ငန်း

(က) အသေးစားချေ

(ခ) အပ်ငွေလက်ခံ

(ဂ) ငွေလွှဲပြောင်းပေ

(ဃ) အာမခံလုပ်ငန်

(င) ပြည်တွင်း ပြ

(စ) အခြားငွေရေး

၃၀။ အသေးစားငွေရေးကြေ

ရာတွင် အောက်ပါတရားဝ

(က) ချေးငွေလျှော

တင်ပြချက်၊

(ခ) အသေးစားငွေ

ပြုမည့် ငွေ

မှတ်တမ်းများ၊

(ဂ) အသေးစားချေ

သဘောတူညီ

ကိစ္စအား သ

၃၁။ အသေးစားငွေရေးကြေ

ရာတွင် မိမိတို့၏လုပ်ငန်း

အလို့ငှာ ကြီးကြပ်မှုကော်မ

ဆောင်ရွက်ရမည်။

၃၂။ အသေးစားငွေရေးကြေ

စပ်လျဉ်းသည့် စည်းကမ်းချ

ကိုလည်းကောင်း ဆက်သွယ

ပေးသည့် အချိန်အပိုင်းအခြာ

ကြေညာရမည်။

၃၃။ (က) အသေးစားငွေ

ဖြစ်နိုင်ခြေလေ့လာချက်တို့ကို စိစစ်ပြီးနောက် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ယင်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက် မထားရှိရ။

၂၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုကြောင်း လျှောက်ထားသည့် အဖွဲ့အစည်းသည် မိမိ၏ အစုရှယ်ယာပိုင်ရှင်များနှင့်ပတ်သက်၍ လည်းကောင်း၊ လုပ်ငန်း၏အခြေအနေမှန်နှင့် စပ်လျဉ်း၍လည်းကောင်း အများပြည်သူက လွဲမှားစွာအမိပ္ပာယ်ကောက်ယူစေနိုင်မည့် အမည်နာမကို အသုံးပြုသည်ဟု ကြီးကြပ်မှုကော်မတီက ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၂၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သတ်မှတ်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ငွေစာရင်းသို့ ပေးသွင်းရမည်။

၂၄။ ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုသည့်အခါ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၂၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို လွှဲပြောင်းခြင်း မပြုရ။

၂၆။ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်းရမည်-

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ပြင်ဆင်သတ်မှတ်သည့် အနည်းဆုံးမတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံး မတည်ငွေရင်းလိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီသည်အထိ ဖြည့်တင်းရန် ပျက်ကွက်ခြင်း၊

(ဂ) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း၊

(ဃ) အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(င) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့က ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

၂၇။ (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းပြုလိုသည့်အခါ သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပူးပေါင်းဖွဲ့စည်းခြင်း သို့မဟုတ် ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့် ပေါ်ပေါက်လာမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီက ထုတ်ပေးသော လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိမှသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်ရမည်။

၂၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရုံးခွဲများတည်ထောင်ခြင်း၊ လုပ်ငန်းနေရာရွှေ့ပြောင်းခြင်းနှင့် လုပ်ငန်းပိတ်ခြင်းတို့အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

## အခန်း(၉)

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၉။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) အသေးစားချေးငွေထုတ်ပေးခြင်း၊

(ခ) အပ်ငွေလက်ခံခြင်း၊

(ဂ) ငွေလွှဲပြောင်းပေးပို့ခြင်း၊

(ဃ) အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊

(င) ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်း၊

(စ) အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၃၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစားချေးငွေထုတ်ပေးရာတွင် အောက်ပါတရားဝင်စာရွက်စာတမ်းများကို ရယူထားရမည်-

(က) ချေးငွေလျှောက်လွှာနှင့် ချေးငွေကို မည်သို့အသုံးပြုမည်ဖြစ်ကြောင်း တင်ပြချက်၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းအတွက် အခြေခံအထောက်အကူပြုမည့် ငွေချေးယူသူနှင့် အာမခံပုဂ္ဂိုလ်များ၏ ကတိဝန်ခံချက်မှတ်တမ်းများ၊

(ဂ) အသေးစားချေးငွေရယူမည့်သူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်နှင့် စုပေါင်းဆုံးဖြတ်သည့်ကိစ္စဖြစ်ပါက အဆိုပါကိစ္စအား သဘောတူညီသည့် ဆုံးဖြတ်ချက်မှတ်တမ်း။

၃၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစားချေးငွေ ထုတ်ချေးရာတွင် မိမိတို့၏လုပ်ငန်း ရေရှည်တည်တံ့နိုင်ရေးကို ကာကွယ်ထိန်းသိမ်းထားရန် အလို့ငှာ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အပ်ငွေများ၊ ချေးငွေများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကိုလည်းကောင်း၊ အတိုးနှုန်းနှင့် တွက်ချက်ပုံများကိုလည်းကောင်း ဆက်သွယ်သူများသိရှိစေရန် ကြီးကြပ်မှုကော်မတီက သတ်မှတ်ပေးသည့် အချိန်အပိုင်းအခြားနှင့် အသုံးပြုရမည့်ပုံစံများနှင့်အညီ အချိန်မှန်ထုတ်ပြန်ကြေညာရမည်။

၃၃။ (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ညီညွတ်လျှင် သီးသန့်ငွေများ ထူထောင်ခြင်းအားဖြင့် မိမိတို့၏မတည်ငွေရင်းပမာဏကို တိုးမြှင့်နိုင်သည်။

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် ကြီးကြပ်မှုကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့်ငွေစာရင်းတစ်ခုတွင် ထည့်သွင်းထားရမည်။ ထိုသို့ ထည့်သွင်းခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ ဆောင်ရွက်ရမည်။ ကြီးကြပ်မှုကော်မတီ၏ညွှန်ကြားချက်နှင့်အညီ သီးခြားရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ သီးသန့်ငွေများကို ထားရှိရမည်။ ထို့ပြင် မိမိတို့အစီအစဉ်ဖြင့်လည်း သီးသန့်ငွေများကို ထပ်မံထားရှိနိုင်သည်။

၃၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်းအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်အတွက်လည်းကောင်း မမျှတသည့်အခွင့်အလမ်း ရရှိစေမည့် မမှန်ကန်သောလုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်းမပြုရ။

၃၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

## အခန်း(၁၀)

## စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

၃၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ကြီးကြပ်မှုကော်မတီက သဘောတူသည့် စာရင်းစစ်ကိုခန့်ထားရမည်။

၃၇။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းစစ်တွင် အောက်ပါတာဝန်များရှိသည်-

(က) မြန်မာနိုင်ငံစာရင်းစစ် စံများနှင့်အညီ စာရင်းစစ်ဆေးပြီး လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြုစုခြင်း၊ ရှင်းတမ်းများသည် အဆိုပါလုပ်ငန်း၏ အခြေအနေမှန်ကို လုံလောက်လျော်ကန်စွာဖော်ပြခြင်း ရှိ၊ မရှိနှင့် ငွေရေးကြေးရေးအခြေအနေ ခိုင်မာမှု ရှိ၊ မရှိတို့ကို ယင်းအစီရင်ခံစာတွင် သုံးသပ်တင်ပြခြင်း၊

(ခ) လုပ်ငန်းအတွက် ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သော ဆောင်ရွက်ချက်များနှင့် စာရင်းများ၏ ချွတ်ယွင်းမှု၊ လိုအပ်မှုများကို အကြောင်းကြားခြင်း။

၃၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သတ်မှတ်ပေးသည့်ပုံစံများကို အသုံးပြုလျက် သတ်မှတ်သည့်အချိန်ကာလအလိုက် အစီရင်ခံစာများပြုစုရမည်။ အစီရင်ခံစာများတွင် မိမိလုပ်ငန်း၏စီမံရေးရာနှင့် လုပ်ငန်းရေးရာအခြေအနေ၊ ငွေရေးကြေးရေးအခြေအနေခိုင်မာမှု၊ အကျိုးအမြတ်ရရှိမှုတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြည့်စုံစွာပါရှိရမည်။ ဤသို့ ပြုစုတင်ပြခြင်းဖြင့် မိမိတို့၏ ငွေရေးကြေးရေးအခြေအနေ ခိုင်မာမှုရှိကြောင်းနှင့် မည်သည့်အလားအလာသို့ ဦးတည်လျက်ရှိကြောင်း အကဲဖြတ်နိုင်စေရမည်။ အစီရင်ခံစာများပြုစုရာတွင် သတ်မှတ်ထားသည့် စာရင်းထားရှိရေး စံများနှင့်အညီ ဖြစ်စေရမည်။

၃၉။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် စာရင်းစစ်၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းတို့ကို စီမံခန့်ခွဲမှုအဖွဲ့နှင့် အစုရှယ်ယာပိုင်ရှင်များက သတ်မှတ်သဘောတူထားသည့် နည်းလမ်းနှင့်အညီ အများသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီက ခန့်အပ်သော စာရင်းစစ်များ သို့မဟုတ် သက်ဆိုင်ရာလုပ်ငန်းကော်မတီတို့မှ တာဝန်ပေးအပ်သော စစ်ဆေးရေးမှူးများ၏ စစ်ဆေးခြင်းကိုခံရမည်။ ယင်းသို့စစ်ဆေးသည့်အခါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏-

(က) စာရင်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများ၊ စာအုပ်များနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်။

(ခ) ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကြီးကြပ်သူများ၊ စီမံခန့်ခွဲသူများ၊ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် အသင်းသားများအား မေးမြန်းနိုင်သည်။

၄၁။ ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင် သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီတစ်ရပ်ထားရှိနိုင်သည်။ စာရင်းစစ်ကော်မတီသည်-

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုရမည်။ ထို့ပြင် စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြသင့်သည်ဟုယူဆသည့် ကိစ္စများကို တင်ပြရမည်။

(ခ) စီမံခန့်ခွဲမှုအဖွဲ့က ထင်မြင်ယူဆချက် တောင်းခံလာသည့် ကိစ္စရပ်များအပေါ် မိမိ၏ထင်မြင်ယူဆချက်ကို ပေးရမည်။

၄၂။ စာရင်းစစ်ကော်မတီသည် သာမန်အားဖြင့် သုံးလလျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေးပြုလုပ်ရမည်။ စီမံခန့်ခွဲမှုအဖွဲ့က လိုအပ်သည်ဟုယူဆလျှင် စာရင်းစစ်ကော်မတီသည် အထူးအစည်းအဝေးပြုလုပ်ရမည်။ ယင်းပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများတွင် စာရင်းစစ်ကော်မတီဝင်အားလုံး တက်ရောက်ရမည့်ပြင် ဆန္ဒမဲပေးရန်လည်း ပျက်ကွက်ခြင်းမရှိစေရ။ ဆုံးဖြတ်ချက်များကို စာရင်းစစ်ကော်မတီဝင်အများစု၏ ဆန္ဒမဲဖြင့် ချမှတ်ရမည်။

၄၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအဖွဲ့သည် ပုဒ်မ ၄၀ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းစစ်ကော်မတီအား ကူညီဆောင်ရွက်စေရန် ကျွမ်းကျင်သူ ပုဂ္ဂိုလ်ကိုခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုနိုင်သည်။

## အခန်း(၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၄။ ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်၊ အစုရှယ်ယာပိုင်ရှင်၊ စီမံခန့်ခွဲသူ၊ မန်နေဂျာနှင့် ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည်-

(က) သတိပေးခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းခြင်း။

၄၅။ ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကသာ ဆောင်ရွက်ရမည်ဟု ဤဥပဒေတွင် သတ်မှတ်ထားသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်မှုရှိသည့် အဖွဲ့အစည်းကိုမဆို ပုဒ်မ ၄၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည်။

၄၆။ အရေးယူခံရသူသည် ခုခံကာကွယ်ခွင့် အပြည့်အဝရရှိစေရမည်။ ထို့ပြင် အရေးယူခံရသူသည် ချမှတ်သောပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အမိန့်စာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီသို့ အယူခံခွင့်ရှိစေရမည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ရပ်ဆိုင်းထားရမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၇။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၄၈။ ပုဒ်မ ၄၄ ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်များကိုဖြစ်စေ နစ်နာမှုများအတွက် ချက်ချင်းပေးလျော်စေရမည်။

## အခန်း(၁၂)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၄၉။ ကြီးကြပ်မှုကော်မတီသည်သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏လုပ်ငန်းများကို ဆောင်ရွက်ရန် အနည်းဆုံးလိုအပ်ချက်နှင့် မညီညွတ်တော့သည့် အခြေအနေသို့ ရောက်ရှိသောကြောင့် ယင်းအဖွဲ့အစည်းနှင့်ဆက်သွယ်သူများ၏ အပ်ငွေများနှင့် မတည်ရန်ပုံငွေတို့ကို ဆုံးရှုံးစေနိုင်သည့်အခြေအနေပေါ်ပေါက်လျှင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် အချိန်ကာလသတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ပေးသည့်အချိန်ကာလအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိပါက လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကိုဖျက်သိမ်းပြီးနောက် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုနိုင်သည်။

၅၀။ ကြီးကြပ်မှုကော်မတီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့်မချမှတ်မီ-

(က) ကြီးကြပ်မှုကော်မတီ သို့မဟုတ် ကြီးကြပ်မှုကော်မတီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသောအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ခုခံချေပခွင့်ပြုရမည်။

၅၁။ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (က)ပါ သက်ဆိုင်ရာအဖွဲ့က စာရင်းရှင်းလင်းဖျက်သိမ်းသင့်ကြောင်း တင်ပြလာလျှင် ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ရမည်။

၅၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကြီးကြပ်မှုကော်မတီသည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်၍ဖြစ်စေ၊ သင့်လျော်သော နိုင်ငံသားများပါဝင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ဖြစ်စေ ယင်းအဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကိစ္စရပ်များကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းပြီးစီးသည်အထိ လွှဲပြောင်းရယူ၍ ဆောင်ရွက်စေနိုင်သည်။

(ခ) ယင်းအဖွဲ့အစည်းက ရရန်နှင့် ပေးရန်ရှိသည်များကို စာရင်းရှင်းလင်းဆောင်ရွက်ရမည်။

## အခန်း(၁၃)

## တားမြစ်ချက်များ

၅၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် စာရင်းစစ်များသည် ယင်းတို့၏ ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှရရှိလာသည့် သတင်းအချက်အလက်များကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

၅၄။ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

၅၅။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမျှ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှသိရှိလာသည့် သတင်းအချက်အလက်များကို ဥပဒေအရခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

## အခန်း(၁၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ မည်သည့်အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် စာရင်းစစ်မဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီမှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၅)

## အထွေထွေ

၅၉။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့က လည်းကောင်း၊ လုပ်ငန်းကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီက လည်းကောင်း သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

# အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေမှအဆက်

✳ စာမျက်နှာ ၉ မှ

၆၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်များ ရှိစေရမည်။

၆၁။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ထုတ်ပေးသော အသေးစားချေးငွေနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းသည် မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည့်အပြင် တည်ဆဲဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ရခြင်းမှလည်း ကင်းလွတ်စေရမည်။

၆၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆၃။ ပုဒ်မ ၅၆ နှင့် ၅၈ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၆၄။ ပုဒ်မ ၅၆၊ ၅၇ နှင့် ၅၈ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၆၅။ ဤဥပဒေမပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ဤဥပဒေအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်။

၆၆။ ဤဥပဒေမပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသောကာလအတွင်း အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ချက်များသည် ပုဒ်မ ၅၄ နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန်-

(က) ဝန်ကြီးဌာနသည် ကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်ပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်ပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၆၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၁၂-၂၀၁၁ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အာဋာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)] ဟောကြားတော်မူသော တရားတော် |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၃)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၃၈)** |
| ၈း၅၀ | Alex Birthday Show (Part-4) |
| ၉း၄၀ | Movie Talk [မအေးကြည်(အေဝမ်း)၊ ဒါရိုက်တာကြည်စိုးထွန်း](အပိုင်း-၅) |
| ၁၀း၀၀ | မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ စုပေါင်းမဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနား |
| ၁၀း၁၀ | အရှက်ဦးမှာ အလှူတော်မင်္ဂလာ ---"မိုလ်ဘိုင်း" ဆွမ်းလောင်းအသင်းပါ |
| ၁၀း၂၅ | Activities In The City |
| ၁၀း၄၀ | Fashion Week |
| ၁၁း၀၀ | အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာ အခါတော်နေ့ ပူဇော်ပွဲ အခမ်းအနား |
| ၁၁း၁၀ | နတ်လူသာခုခေါ် ဖွယ်ရာ မြတ်သောအလှူတော်မွေးနေ့မင်္ဂလာ |
| ၁၁း၂၀ | ဝါတွင်းကာလ ရဟန်းတော်များ ဝိပဿနာပညာ သင်တန်းဆင်းပွဲ |
| ၁၁း၃၀ | Activities In The City |
| ၁၁း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၁၇)** |
| ၁၂း၂၅ | Activities In The City |
| ၁၂း၄၅ | "ဇင်းကျိုက်တောင်ဖားမဲ့ကုန်း အောင်မြေတောရ ကထိန်အလှူမင်္ဂလာပွဲနှင့် ဆီမီး (၉၀၀၀) ထွန်းညှိပူဇော်ပွဲ |
| ၁း၀၀ | [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)] ဟောကြားတော်မူသော တရားတော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၃)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၃၈)** |
| ၄း၅၅ | Activities In The City |
| ၅း၁၅ | ရွှေတောင်ပံတစ်စုံရဲ့ အင်အား |
| ၅း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၁၇)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၄)** |
| ၇း၁၀ | The Champion of Dance |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၃၉)** |
| ၉း၃၀ | **R ဇာနည် One Man Show (LIVE)** |
| ၁၂း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၁၈)** |
| ၁း၀၅ | စားချင်စဖွယ် နည်းအသွယ်သွယ် |
| ၁း၂၅ | Quiz Idol |
| ၂း၀၀ | အနုပညာမိုးကောင်းကင် |
| ၂း၂၀ | VJ Choice |
| ၂း၄၅ | HIV/AIDA ရောဂါကာကွယ် တိုက်ဖျက်ရေး (အပိုင်း-၂) |
| ၃း၀၅ | သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော်သရုပ်ဆောင် နီနီဝင်းရွှေနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁) |
| ၃း၃၀ | ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့ |
| ၃း၅၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၄း၀၅ | ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၄း၁၀ | တုနိုင်းမရ (ဦးဝင်းမြင့်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ) [(ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)] |
| ၄း၂၅ | 3D ကွဲကော |
| ၄း၄၀ | မမောမပန်းခရီးလမ်း--- ဆံတော်ရှင်ထံအရောက်မှန်း |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားဌာနမှ သတင်းထောက် Ms. Aela Callan လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားဌာနမှ သတင်းထောက် Ms. Aela Callan သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားဌာနမှ သတင်းထောက် Ms. Aela Callan ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားဌာနမှ သတင်းထောက် Ms. Aela Callan လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ ရန်အောင်မြင်ဘုရားလမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် HIV ရောဂါပိုးကူးစက်မှု စတင်တွေ့ရှိချိန်က မူးယစ်ဆေးသွေးကြောထဲ ထိုးသွင်းခြင်းဖြစ်သော်လည်း ယခုအခါ ကူးစက်မှုနည်းလမ်းမှာ အခြားကမ္ဘာ့နိုင်ငံများနည်းတူ လိင်ဆက်ဆံမှုမှတစ်ဆင့် HIV ပိုးကူးစက်မှု ဖြစ်လာသည့်အတွက် ကူးစက်မှုအန္တရာယ် နည်းပါးသည့် အိမ်ထောင်ရှင် အမျိုးသမီးများတွင် ကူးစက်မှုရှိလာကြောင်း၊ မိခင်မှကလေးသို့ HIVကူးစက်မှုများလည်း ရှိလာကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများအတွက် ဦးတည်သော HIV ကာကွယ်ရေးကျန်းမာရေး ပညာပေးလုပ်ငန်းများနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေး အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးပြီး ဝင်ငွေများတိုးတက်လာစေရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်းကို သိရှိရကြောင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရေး၊ အခွင့်အရေးတန်းတူရရှိနိုင်ရေးကို အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအား အဘက်ဘက်မှ ကူညီပံ့ပိုး စောင့်ရှောက်လျက်ရှိရာ လူမှောင်ခိုကုန်ကူးခံရခြင်းမှ ကာကွယ်ပေးခြင်းသည်လည်း HIV/AIDS ရောဂါကာကွယ်စောင့်ရှောက်ရေးကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးရာလည်း ရောက်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားသည်။ ထို့နောက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဆရာဝန်ကြီးများက ဦးဆောင်ဆွေးနွေးသွားကြသည်။

(သတင်းစဉ်)





**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လာအို ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအို ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မီခေးလ် ဗွီမီယာစညီကိုဗစ်ချ်နှင့် ဇနီး မစ္စစ် လုဒ်မီလာမီယာစညီကိုဗစ်ချ်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့က နေပြည်တော်လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၁**

ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မီခေးလ် ဗွီမီယာစညီကိုဗစ်ချ်နှင့် ဇနီး မစ္စစ် လုဒ်မီလာမီယာစညီကိုဗစ်ချ်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုက်ပါလာ**

ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Valery SADOKHO တို့လည်း လိုက်ပါလာကြသည်။

(သတင်းစဉ်)

## မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်း မီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့် အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ အိုမင်း မစွမ်းသူများနှင့် ကလေးသူငယ်များကို မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်း မီးကျန်မရှိအောင် စနစ်တကျ စစ်ဆေးပါ။
(စ) အခါအား လျော်စွာ သတ်မှတ်ထားသည့် မီး သုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံ ထားရှိပြီး သံပုံး၊ ရေပုံးများထားပါ။

မီးသတ်ဦးစီးဌာန

## တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါ အချိန်စာရင်းအရ ကျင်းပမည် ဖြစ်သည်-

**၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၂-၃-၂၀၁၂ တနင်္လာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | မြန်မာစာ |
| ၁၃-၃-၂၀၁၂ အင်္ဂါနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | အင်္ဂလိပ်စာ |
| ၁၄-၃-၂၀၁၂ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | သင်္ချာ |
| ၁၅-၃-၂၀၁၂ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | စိတ်ကြိုက်မြန်မာစာ |
| ၁၆-၃-၂၀၁၂ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ဓာတုဗေဒ |
| ၁၉-၃-၂၀၁၂ တနင်္လာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ရူပဗေဒ |
| ၂၀-၃-၂၀၁၂ အင်္ဂါနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | { ဇီဝဗေဒ သမိုင်း |
| ၂၁-၃-၂၀၁၂ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ပထဝီဝင် |
| ၂၂-၃-၂၀၁၂ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ဘောဂဗေဒ |

(သတင်းစဉ်)

## အခြေခံလူတန်းစားများအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုလွှတ်တော်က နိုဝင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းလိုက်သည့် "အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ" အပြည့်အစုံကို စာမျက်နှာ ၈၊ ၉၊ ၁၀ တွင် ဖော်ပြထားပါသည်။

ယ နေ့ သ တ င် း အ ညွှ န် း

## ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ပြည်တွင်းသတင်း စာမျက်နှာ - ၁၁

## ပျံကျဈေးသည်များအား ဈေးငွေများ ထုတ်ပေး

"ပျော်ဘွယ်မြို့၌ ဈေးငွေထုတ်ယူလိုသူ ပျံကျဈေးသည် ၂၀၀ အား ငွေကျပ် သိန်း ၁၀၀ ထုတ်ချေး"

ပြည်တွင်းသတင်း စာမျက်နှာ - ၃